ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

မော်ချီး(အောက်)ကျေးရွာ၊ မော်ချီးကျေးရွာအုပ်စု၊ ဖားဆောင်းမြို့နယ်

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ ဖားဆောင်းမြို့နယ်မြေပုံ



## ၂။ မော်ချီးအောက်ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | လိုခါးလို ကျေးဂွာ | ၄၅၀ | ၁၂၄၂ | ၁၂၇၂ | ၂၅၁၄ |
| ၂ | စွာပို ကျေးဂွာ | ၁၁ | ၃၈ | ၂၉ | ၆၇ |
| ၃ | ပသာခီး ကျေးရွာ | ၅ | ၁၃ | ၇ | ၂၀ |
| ၄ | မော်ချီး(ပေါ်) ကျေးရွာ | ၃၈၇ | ၈၇၄ | ၈၈၈ | ၁၇၆၂ |
| ၅ | မော်ချီး(အောက်) ကျေးရွာ | ၂၈၁ | ၆၈၀ | ၇၂၇ | ၁၄၀၇ |
| ၆ | ရွာသဲဒို ကျေးရွာ | ၄၀ | ၉၇ | ၁၀၀ | ၁၉၇ |
| ၇ | ရေပူ ကျေးရွာ | ၅၀ | ၁၀၇ | ၉၄ | ၂၀၁ |
| ၈ | ဒိုမူပယ် ကျေးရွာ | ၂၈ | ၆၉ | ၇၀ | ၁၃၉ |
| ၉ | တနန်းလော့ ကျေးရွာ | ၂၉ | ၆၅ | ၆၂ | ၁၂၇ |
| ၁၀ | ဘူလော်ပယ် ကျေးရွာ | ၅၀ | ၁၂၉ | ၁၁၅ | ၂၄၄ |
| | **စုစုပေါင်း** | **၁၀၅၀** | **၃၉၉၄** | **၃၂၈၆** | **၇၂၈၀** |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသ တွင်တည်ရှိသော မော်ချီး(အောက်) ကျေးရွာသည် ၁၉၄၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ အိမ်ခြေမှာ(၂၈၁) အိမ်ရှိပြီး အိမ်ထောင်စုအရေအတွက်မှာ(၂၈၁)စုရှိပြီး အမျိုးသားဦးရေမှာ(၆၈၀)နှင့် အမျိုးသမီးဦးရေမှာ (၇၂၇)ဦး ရှိပါသည်။ ကရင်လူမျိုးများ၏အိမ်ခြေမှာ(၂၂၁)နှင့် စုစုပေါင်းလူဦးရေမှာ( ၁၂၅၀)ဦး ရှိပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။ ဗမာလူမျိုးများ၏အိမ်ခြေမှာ(၅၀)နှင့် စုစုပေါင်းလူဦးရေးမှာ(၁၂၅)ဦးရှိပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။ အခြားလူမျိုးများ၏ အိမ်ခြေမှာ(၁၀)နှင့် စုစုပေါင်းလူဦးရေမှာ(၃၂)ဦးရှိသည်။ အသက်မွေးဝမ်းကြောင်းမှာ ဈေးရောင်းဝယ်ရေး၊ ဖာလာခြံ၊ ခဲလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းတို့ဖြစ်ကြသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | အရင်းအမြစ်ပြမြေပုံ | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂။ | ဥစ္စာဓနပိုင်ဆိုင်မှု သတ်မှတ်ချက်များ | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | မှတ်တမ်းတင်ခြင်း။ |
| ၄။ | ရာသီခွင်ပြဇယား | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | ကျေးရွာအတွင်းရှိ မိသားစုများ၏ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလမ်းသဘင်များ၊ ရိုးရာဓလေ့များနှင့် အားလပ်မည့်ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၅။ | ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ် မှတ်တမ်းတင်ခြင်း။ |
| ၆။ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့်ဗင်းကားချပ် | | အမျိုးသား၊ အမျိုးသမီး၊ စေတနာ့ ဝန်ထမ်း | ၁၀၀ | ၉၅ | ၁၉၅ | ကျေးရွာအတွင်းနှင့် ပြင်ပရှိအဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူပေါင်းဆောင်ရွက်မှုများနှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



မော်ချိုး(အောက်)ကျေးရွာ၏ အိမ်ခြေမှာ(၂၈၁)အိမ် ရှိပြီး အိမ်ထောင်စုအရေအတွက်မှာ (၂၈၁) စု ရှိပါသည်။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စျေးရောင်းဝယ်ရေး၊ ချောင်းခဲ၊ ဖာလာခြံ နှင့် မွေးမြူရေးလုပ်ငန်းတို့ဖြစ်ကြသည်။ လူမျိုးပေါင်းစုံနေထိုင်ကြပြီး ခရစ်ယာန်ဘာသာ နှင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူ အနည်းငယ်ရှိကြပါသည်။စိုက်ပျိုးရေး၌ ရေလုံလောက်မှုမရှိသော ကြောင့် လုပ်ကိုင်မှုနည်းပါးသည်။ သောက်သုံးရေ၌လည်း ရေကောင်း၊ ရေသန့် ရှားပါးသည်။ လွန်ခဲသော(၅)နှစ်တွင် ခဲ၊သစ် နှင့် ရေ အရင်းအမြစ်လျော့နည်းသွားပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ရောဂါဖြစ်ပွားမှုများလာ၍ အဆင်မပြေကြပါ။ ရွာတွင်းရှိလိုအပ်ချက်များအနေဖြင့် ကျောင်းသူ/သားများ သွားလာရာတွင် အဆင်ပြေစေရန် ရွာတွင်းလမ်းများပြုပြင်ခြင်းများလိုအပ်ပြီး သောက်သုံးရေတွက် ရေပိုက်သွယ်တန်းခြင်းနှင့် ရေကန်တို့ လိုအပ်ပါသည်။

## (ခ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ချက်





ဥစ္စာဓနကြွယ်ဝမှု မော်ချီး(အောက်)

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| သာမန် | ခဲကျင်း၊ ကား၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ ပျဉ်ထောင်အိမ်၊ ဖာလာခြံ | ၂၁၀ | ၇၄.၇၃% |
| ဆင်းရဲ | သဲအိမ်၊ ဝါးအိမ်၊ ဆိုင်ကယ်၊ ချောင်းခဲ | ၆၀ | ၂၁.၃၅% |
| အလွန်ဆင်းရဲ | ထရံအိမ်၊ မိုးကာအိမ် | ၁၁ | ၃.၉၁% |
| | စုစုပေါင်း | ၂၈၁ | [illegible] |

မော်ချီး(အောက်)ကျေးရွာသည် အိမ်ထောင်စုအရေအတွက်မှာ(၂၈၁)ရှိပါသည်။ မော်ချီးအောက်ရွာ၏ ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ချက်အဆင့်(၃)ဆင့် ရှိပါသည်။ ပထမအဆင့်မှာ သာမန် ၊ ဒုတိယအဆင့်မှာ ဆင်းရဲ နှင့် တတိယအဆင့်မှာ အလွန်ဆင်းရဲ တို့အပြင် အဆင့်သုံးဆင့်ဟူ၍ ခွဲထားပါသည်။သာမန်အုပ်စုမှာ အိမ်ခြေ (၂၂၁) အိမ်၊ ဆင်းရဲအုပ်စုမှာ အိမ်ခြေ (၅၅)အိမ်နှင့် အလွန်ဆင်းရဲအုပ်စုမှာ (၅)အိမ်ရှိပါသည်။ သာမန်အုပ်စုများသည်ခဲကျင်း၊ကား၊ဆိုင်ကယ်၊ဈေးဆိုင်၊ပျဉ်ထောင်အိမ်နှင့် ဖာလာခြံတို့ ပိုင်ဆိုင်ကြသည်။ ဆင်းရဲသောအုပ်စုတွင်သဲအိမ်၊ဝါးအိမ်၊ဆိုင်ကယ်နှင့် ချောင်းခဲတို့ ပိုင်ဆိုင်ကြသည်။ အလွန်ဆင်းရဲအုပ်စုတွင် ထရံအိမ်နှင့် မိုးကာအိမ်တို့သာပိုင်ဆိုင်ကြသည်။ ဆင်းရဲနွမ်းပါးသူတွေကို ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ပါဝင်လာအောင်လုပ်ဆောင် မည်။ အလုပ်အကိုင်အခွင့်အလမ်းများရှိပါက ဆင်းရဲနွမ်းပါးဆုံးသူများကို တိုးတက်ကောင်းမွန်စေပြီး ကျေးရွာတစ်ခုလုံးကို ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ပြီး ဖွံ့ဖြိုးတိုးတက်စေပါမည်။

(ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း






မော်ချီး(အောက်)ကျေးရွာသည် အမျိုးသားနှင့် အမျိုးသမီးများပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များကို ကြည့်ရှုခြင်းဖြစ်သည်။ အမျိုးသား၏အရင်းအမြစ်သုံးစွဲမှုများ မှာ ခဲ၊ ဆိတ်၊ သဲနှင့် ကျောက် တို့ဖြစ်သည်။ အမျိုးသမီး၏အရင်းအမြစ်သုံးစွဲမှုများမှာ ဆေးပေးခန်း၊ ဝက်နှင့် ဈေးဆိုင် တို့ဖြစ်သည်။ အမျိုးသားအရင်းအမြစ်ထိန်းချုပ်မှုများမှာ ခဲ၊ဆိတ်၊သဲ၊ကျောက်၊ ရေနှင့် လမ်းတို့ ဖြစ်သည်။ အမျိုးသမီးထိန်းချုပ်မှုအရင်းအမြစ်များမှာ ဝက်နှင့်ဈေးဆိုင်တို့ဖြစ်သည်။ နှစ်ဦးလုံး ထိန်းချုပ်မှုအရင်းအမြစ်များမှာ ဘာသာရေးကျောင်း၊ ဖာလာခြံ၊ ဆေးပေးခန်း နှင့် စာသင်ကျောင်း တို့ဖြစ်သည်။ အရင်းအမြစ်များအသုံးပြုနိုင်ရန်အတွက် အမျိုးသားများကထိန်းချုပ်ကြသည်။ အမျိုးသမီးများကအသုံးပြုပြီး အမျိုးသားများက ထိန်းချုပ်မည်ဆိုလျှင်ဆုံးရှုံးမှုနှင့်အန္တရာယ်များဖြစ်ပေါ် နိုင်ပါသည်။

## (ဃ) ရာသီခွင်ပြဇယား




မော်ချီး(အောက်) ကျေးရွာသည် တစ်နှစ်ပတ်လုံး လများကို ခေါင်းစဉ်ထားပြီး မတူညီသော အကြောင်းအရာများ(ရာသီဥတု၊ အစာအစားရရှိခြင်း၊ ဝင်ငွေရရှိခြင်း) စသည့်တို့ကို ဖော်ပြခြင်းဖြစ် သည်။ ၄င်းတို့ပြုလုပ်ရခြင်းသည် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရန် အသင့်တော်ဆုံးအချိန်များ ပြုလုပ်ဆောင်ရွက်မည်ဖြစ်သည်။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ ချောင်းခဲနှင့် ဖာလာအနည်းငယ်လုပ်ငန်းများလုပ်ကိုင်စားသောက်ကြသည်။ အိမ်ထောင်စု(၂၈၁)လောက်မှခဲလုပ်ငန်းကို လုပ်ကိုင်ကြပြီးဖာလာနည်းငယ်မျှသာ လုပ်ကိုင်ကြသည်။ ၄င်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်ကြသည်။ ဝင်ငွေအရဆင်းရဲသူများ၊ တိုင်းရင်းသားလူနည်းစုများနှင့် မသန်စွမ်းသူ အိမ်ထောင်စုများ ကျင်းခဲနှင့်ချောင်းခဲ လုပ်ငန်းအသက်မွေးဝမ်းကြောင်းအားမှီခိုနေရသည်။ လုပ်ငန်းတစ်ခုစီအတွက် လူတစ်ဦးလျှင် ပျမ်းမျှဝင်ငွေသိန်း(၁၅)ရရှိသည်။ ၄င်းတို့၏ တစ်နှစ်တာဝင်ငွေသည် တစ်နှစ်တာအသုံးစရိတ်အတွက် လုံလောက်မှုရှိပါသည်။ အကယ်၍လုံ လောက်မှုမရှိပါက နေ့စားနှင့်ချောင်းခဲများလုပ်ကိုင်၍သုံးစွဲရပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကြောင်းနှင့် ဆက်စပ်သော အဓိကပြဿနာများသည် ရာသီဥတုအခြေမနေကြောင့် အလုပ်ပုံမှန်မရှိခြင်းကြောင့် စားဝတ်နေရေးအဆင်မပြေခြင်းဖြစ်သည်။ အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာကျောက်ကပ်ကောက်(ခဲ)ဖြစ်သည်။ အမျိုးသမီးအိမ်ထောင်ဦးစီးများ၏ဝင်ငွေသည် အမျိုးသားအိမ်ထောင်ဦးစီးများ၏ ဝင်ငွေနှင့်မတူညီကြပါ။ အမျိုးသမီးများနည်းပါးသည်။ အမျိုးသားနှင့် အမျိုးသမီးများ၏ နေ့စားလုပ်အားခအတွက်နှုန်းတူမရရှိကြပါ။ အမျိုးသမီးများ၏အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် ပတ်သက်သောအဓိကပြဿနာများမှာ အိမ်မှုကိစ္စ ကြောင့်ဖြစ်သည်။

(c) ကျား-မအခန်းကဏ္ဍသုံးသပ်ခြင်း (Cobweb)




မော်ချီး(အောက်)ကျေးရွာသည် ပင့်ကူအိမ်သုံးသပ်ချက်အရ အမျိုးသမီးများက ပိုင်ဆိုင်ပြီးထိန်းချုပ်ထားသော အရင်းအမြစ်များကိုကြည့်၍အသုံးပြုသည်။ အမျိုးသားနှင့်အမျိုးသမီးများ၏ မတူညီသော အကြောင်းများဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများထက် အိမ်မှုကိစ္စသာနေရခြင်း အကြောင်းမှာ ရှေးရိုးစွဲအစဉ်အလာအယူအဆများကြောင့် အမျိုးသမီးများအခွင့်အရေး ရရှိမှုနည်းပါးခြင်းကြောင့်ဖြစ်သည်။ လုပ်အားခရရှိမှု၊ စီမံခန့်ခွဲမှု၊ပိုင်ဆိုင်မှုနှင့်ပညာသင်ယူခွင့်များ အမျိုးသားများသည် အမျိုးသမီးများထက် သာနေရခြင်းအကြောင်းမှာ အမျိုးသမီး များကိုယ်တိုင်လည်း ယုံကြည်မှုအားနည်းနေခြင်းနှင့်စွမ်းဆောင်ရည်နည်းပါးလာသဖြင့် အမျိုးသားများကဲ့သို့ ဦးဆောင်နိုင်မှုမရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့ကိုကြည့်ခြင်းအားဖြင့် ကျန်းမာရေးလက်လမ်းမီမှုများတွင် တူညီကြောင်းတွေ့ရသည်။ အကြောင်းမှာ ရွာတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ဝန်ထမ်းများမမြဲမှု နှင့် ဆေးဝါးမစုံလျှင်သောကြောင့် အရေးကိစ္စကြုံခဲ့လျှင် ဖားဆောင်း၊ ဘောလခဲ သို့သွားရပြီး ဆေးကုသမှုခံယူကာ နွမ်းပါးသော မိ သားစုများ အနေဖြင့် စရိတ်မတက်နိုင်သောကြောင့် အချိန်မီ ဆေးကုမှုမခံယူနိုင်ခြင်းကြောင့်ဖြစ်သည်။ကျေးရွာတွင်းရှိ အမျိုးသမီးများ၏ ဘဝကို မြင့်တင်ပေးရန် စက်ချုပ်သင်တန်း နှင့် မွေးမြူရေးနည်းပညာများ ပံ့ပိုးရန် လိုအပ်နေပါသည်။


**(စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်**




မော်ချီးကျေးရွာတွင် အဖွဲ့စည်းပေါင်း(၉)ဖွဲ့ရှိပါသည်။ကျေးရွာတွင်းမှဖွဲ့စည်းထားသော အဖွဲ့လေးဖွဲ့ရှိပြီး ၄င်းတို့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊အမျိုးသမီး ဘာသာရေးအဖွဲ့ ၊ အသင်းတော်ကော်မတီအဖွဲ့၊ လူငယ်အဖွဲ့ တို့ဖြစ်သည်။ ပြင်ပမှလာသောအဖွဲ့အစည်း ငါးဖွဲ့ရှိပြီး ၄င်းတို့မှာ နတလအဖွဲ့၊ MAMအဖွဲ့ ၊ ပက်မြန်မာ၊ Save the Children နှင့် မြစိမ်းရောင် အဖွဲ့တို့ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး အဓိက ပါဝင်လုပ်ဆောင်ပေးပါသည်။ ကျေးရွာကော်မတီအဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တွဲ၍ ဖွံ့ဖြိုးရေးအတွက်လည်း အတူတကွ ပူးတွဲဆောင်ရွက်ပေးပါသည်။ အမျိုးသမီး ဘာသာရေးအဖွဲ့ ၊လူငယ်အဖွဲ့ နှင့် အသင်းတော်ကော်မတီအဖွဲ့များသည် ကျေးရွာ၏ သာရေး နာရေး နှင့် ဘာသာရေးကိစ္စတွင် ဆောင်ရွက်ပေးပါသည်။ နတလ အဖွဲ့ ၊ MAMအဖွဲ့ save the childrenနှင့် ပက်မြန်မာတို့သည် ကျေးရွာပြင်ပမှလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်၍ ရွာ၏ဖွံ့ဖြိုးရေး အတွက် လုပ်ဆောင်ပေးပါသည်။ မြစိမ်းရောင်အဖွဲ့သည် ကျေးရွာအတွက် ငွေတိုးငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ





မော်ချီး(အောက်)ကျေးရွာ၏ အခက်အခဲပြဿနာများဖြစ်သော ကျေးရွာတွင်စာကြည့်တိုက်မရှိခြင်း၊ ကျေးရွာခန်းမမရှိခြင်း၊ လမ်းမကောင်းသောကြောင့်လမ်းပန်းဆက်သွယ်ရေးမလွယ်ကူခြင်း မိုးရာသီတွင်မြေပြိုခြင်း၊ ကျန်းမာရေးအရေးပေါ်အတွက်လူမှုကူညီရေးကားမရှိခြင်း၊ကျေးရွာဘောလုံးကွင်းမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းနှင့် သောက်သုံးရေမလုံလောက်ခြင်းတို့ဖြစ်သည်။


## (၈) မျှော်မှန်းချက်




ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်လာမည့်(၅)နှစ်အတွင်း အမျိုးသားနှင့်အမျိုးသမီး မျော်မှန်းချက်များမှာ ကျေးရွာလူထုစည်းဝေးရန် အစည်းအဝေးခန်းမရရှိရန်၊ လူမှုကူညီရေး ယာဥ်ရရှိရန်၊ ကျေးရွာဘောလုံးကွင်း တည်ဆောက်ပေးရန်းမျော်လင့်ခြင်း၊ မိုးရာသီအတွက် စိတ်ချလုံခြုံမှုရှိရန် ကျောက်နံရံတည်ဆောက်ပေးရန် မျော်လင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်းတီးပေးရန် မျော်လင့်ခြင်း၊ သောက်သုံးရေလုံလောင်စွာရရှိရန်မျော်လင့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာစေရန် နှင့် ကျေးရွာစာကြည့်တိုင်ရရှိရန် မျော်လင့်ခြင်း ဖြစ်သည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း


ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်း <က+ခ>

မော်ချီး (အောက်)

၁ - ရေစုကန် ပြုပြင်ခြင်းနှင့်ရေပိုက်လိုင်း သွယ်တန်း ခြင်းလုပ်ငန်း <က+ခ>

၂ - ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း <က+ခ>

၃ - ကျေးရွာလမ်းပြုပြင်ခြင်း <က+ခ>

၄ - ကျေးရွာတံတားပြုပြင်ခြင်း <ခ>

၅ - ကြိုတင်ပြင်ဆင်မှုအနေဖြင့်မြေထိန်းနံရံ တည်ဆောက်ခြင်း <ခ>

၆ - စာကြည့်တိုက်တည်ဆောက်ခြင်း <က+ခ>

၇ - လူမှုကူညီရေး အသင်းအားရှိရန် <က+ခ>

၈ - အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးခြင်း (က+ခ>

၉ - ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အဆောက် အဦး ဆောက်လုပ်ခြင်း။ <က>

၁၀ ။ ကျန်းမာရေးဝန်ထမ်း ပုံသောက်ရွာရှိ ရန် <ခ>

မော်ချီး(အောက်)ကျေးရွာသည် နောင်လာမည့်(၅)နှစ်အတွင်း ဦးစားပေးရွေးချယ်သော လုပ်ငန်းများမှာ ကျေးရွာအတွင်းတွင် လုံလောက်သောရေရရှိရန်အတွက် ရေစုကန်ပြုပြင်ခြင်းနှင့် ရေပိုင်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ကျေးရွာအစည်းအဝေးပြုလုပ်ခြင်း၊ ပွဲလမ်းသဘင်အတွက် ခန်းမဆောင်တိုးချဲ့ဆောင်လုပ်ခြင်း၊ ကောင်းမွန်သောလမ်းခရီးအတွက် ကျေးရွာလမ်းပြုပြင်ခြင်းနှင့် ကျေးရွာတွင်းတံတားပြုပြင်ခြင်း တို့ဖြစ်သည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ







**ကော်မတီများစာရင်း**

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးထွန်းထွန်းဦး | စီ/ထောက်ဥက္ကဌ | အုပ်စုစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်ဖြူဖြူအောင် | စီ/ထောက်ဥက္ကဌ | |
| ၃ | ဦးကြည်အေး | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၄ | ဒေါ်နော်ဒေါလေ | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၅ | ဦးစောထူးဘော | ဝယ်ယူရေး | |
| ၆ | ဒေါ်အုန်းမေရီ | ဝယ်ယူရေး | |
| ၇ | ဦးဂျွန်အဲလ်ဘက် | လည်ပတ်ထိန်းသိမ်းရေး | |
| ၈ | ဒေါ်သီတာပြုံး | လည်ပတ်ထိန်းသိမ်းရေး | |
| ၉ | ဦးစောမြရွှေ | ဝေဖန်အကြံပြု | |
| ၁၀ | ဒေါ်မေရီဝင်း | ဝေဖန်အကြံပြု | |
| ၁၁ | ဦးစောနောင် | စေတနာ့ဝန်ထမ်း | |
| ၁၂ | ဦးတာတီး | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ဝါဝါခိုင် | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးဝင်းလွင်ဦး | စေတနာ့ဝန်ထမ်း | |
| ၁၅ | ဒေါ်ထွေးထွေးဦး | စေတနာ့ဝန်ထမ်း | |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ရွာကျေးရွာခေါင်းဆောင် အမည် ဦးစောဘဲနေထူး (ခ) ဦးဒို | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-829415664 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု မော်ချီး | ကျေးရွာ မော်ချီး(အောက်) |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၂၂၁ | ဘာသာ (၁) ခရစ်ယာန် | ၂၂၁ |
| လူမျိုးစု (၂) ဗမာ | ၅၀ | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၅၀ |
| လူမျိုးစု (၃) ဂေကာ်ရာဒါး | ၁၀ | ဘာသာ (၃) ဗုဒ္ဓဘာသာ | ၁၀ |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၈ | | ၈ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၁ | | ၂၁ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကရင် | ၆၀၀ | ၆၅၀ |
| လူမျိုးစု (၂) ဗမာ | ၆၅ | ၆၀ |
| လူမျိုးစု (၃) ဂေကာ်ရာဒါး | ၁၅ | ၁၇ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၂၄ | ၅၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☑ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--၂----/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂------ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်-----

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၃၀ မိနစ်--------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------[illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------[illegible]-------------

(၂) -------[illegible]-------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၅.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 15.2.2017

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ် နှယ်နီစို | | | |
| နေ့စွဲ ၁၅-၂-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု မော်ချီး | ကျေးရွာ မော်ချီး (အောက်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၅-၂-၁၇ | ၁၅-၂-၁၇ | ၁၀၀ | ၉၅ | ၁၉၅ | ၁၉၅/၁/၁/၁ ကရင်/ဗမာ/ဂေါ်ရခါး/ရှမ်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆-၂-၁၇ | ၁၆-၂-၁၇ | ၁၀၀ | ၉၅ | ၁၉၅ | ၁၉၅/၁/၁/၁ ကရင်/ဗမာ/ဂေါ်ရခါး/ရှမ်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈-၂-၁၇ | ၁၈-၂-၁၇ | ၂၂ | ၂၃ | ၄၀ | ၄၀/၅ ကရင်/ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၃-၃-၁၇ | ၂၃-၃-၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၄-၅-၁၇ | ၄-၅-၁၇ | ၃၂ | ၂၅ | ၅၇ | ၅၀/၅/၂ ကရင်/ဗမာ/ဂေါ်ရခါး |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၄-၅-၁၇ | ၄-၅-၁၇ | ၄ | ၅ | ၉ | ၉ ကရင် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၂၈ | ၂၂ | ၅၀ | ၄၅/၂/၃ | ကရင်/ဗမာ/[illegible] |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၄ | ၅ | ၉ | ၉ | ကရင် |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၄ | ၅ | ၉ | ၉ | ကရင် |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၄.၅.၁၇ | ၄.၅.၁၇ | ၄ | ၅ | ၉ | ၉ | ကရင် |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဆော်နားဂရေ့စ်ဖော | | | |
| နေ့စွဲ ၁၅-၂-၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု မော်ချီး | ကျေးရွာ မော်ချီး (အောက်) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာလမ်းမ မရှိခြင်း | ၁ | ကျေးရွာစာကြည့်တိုက်မရှိခြင်း။ |
| ၂ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း။ | ၂ | ကျေးရွာခန်းမ မရှိခြင်း။ |
| ၃။ | ကျေးရွာခန်းမ မရှိခြင်း။ | ၃ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း။ |
| ၄။ | ကျန်းမာရေး အရေးပေါ် အတွက် လူမှုကူညီရေးကား မရှိခြင်း။ | ၄။ | မိုးရာသီတွင် မြေပြိုခြင်း။ |
| ၅။ | ကျေးရွာဘောလုံးကွင်း မရှိခြင်း။ | ၅။ | ကျန်းမာရေး အရေးပေါ် အတွက် လူမှုကူညီရေးကား မရှိခြင်း။ |
| ၆။ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း။ | ၆။ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း။ |
| ၇။ | သောက်သုံးရေ မလုံလောက်ခြင်း။ | ၇။ | သောက်သုံးရေ မလုံလောက်ခြင်း။ |
| | | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာလူထုစည်းဝေးရန် ကျေးရွာခန်းမရရှိရန် | ၁ | ကျေးရွာလူထုစည်းဝေးရန် ကျေးရွာခန်းမရရှိရန် |
| ၂ | လူမှုကူညီရေးယာဉ်ရရှိရန် | ၂ | လူမှုကူညီရေးယာဉ်ရရှိရန် |
| ၃ | ကျေးရွာဘောလုံးကွင်းတည်ဆောက်ပေးရန် မျှော်လင့်ခြင်း။ | ၃ | မိုးရာသီအတွက် စိတ်ချယုံကြည်မှုရှိရန် ကျောက်နံရံတည်ဆောက်ပေးရန် မျှော်လင့်ခြင်း။ |
| ၄။ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်မျှော်လင့်ခြင်း။ | ၄။ | ကျေးရွာစာကြည့်တိုက်ရရှိရန် မျှော်လင့်ခြင်း။ |
| ၅။ | သောက်သုံးရေ လုံလောက်စွာရရှိရန် မျှော်လင့်ခြင်း။ | ၅။ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် မျှော်လင့်ခြင်း။ |
| ၆။ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်။ | ၆။ | သောက်သုံးရေ လုံလောက်စွာရရှိရန် မျှော်လင့်ခြင်း။ |
| | | ၇။ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေရှားပါးမှုပြေပြစ်ခြင်းနှင့် ရေပိုက်လိုင်း | က+မ | | 1407 |
| | သွယ်တန်းခြင်းလုပ်ငန်း။ | | | |
| ၂။ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း။ | က+မ | | 1407 |
| ၃။ | ကျေးရွာလမ်းပြုပြင်ခြင်း။ | က+မ | | 1407 |
| ၄။ | ကျေးရွာတံတားပြုပြင်ခြင်း။ | မ | | 1407 |
| ၅။ | ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြေတိမ်းနိမ့် | မ | | 1407 |
| | ဂုံတည်ဆောက်ခြင်း။ | | | |
| ၆။ | စာကြည့်တိုက်တည်ဆောက်ခြင်း။ | က+မ | | 1407 |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | လူမှုကူညီရေး အသင်းကား ရရှိရန်။ | က+မ | |
| ၂။ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း။ | က+မ | |
| ၃။ | ကျေးရွာ အုပ်ချုပ်ရေး ရုံး အဆောက်အအုံ | က | |
| | တည်ဆောက်ခြင်း။ | | |
| ၄။ | ကျန်းမာရေး ဝန်ထမ်း လုံလောက်စွာရရှိရန် | မ | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ဖြူဖြူအောင် လက်မှတ် Ay နေ့စွဲ ၂၅.၂.၁၇

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၀ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်၊** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | | စုစုပေါင်း |
| [illegible] | ရေလှောင်ကန်တည်ဆောက်ခြင်း။ | 15'x10'x5.5' | 197 | □ ကျား □ မ □ ကျား+မ | - | - | - | - | 5500000 |
| [illegible] | ကျေးရွာတွင်းတံတားပြုပြင်ခြင်း။ | 26'x7'x7' | 2514 | □ ကျား □ မ □ ကျား+မ | - | - | - | - | 4600000 |
| [illegible] | ကျေးရွာတွင်းတံတားပြုပြင်ခြင်း။ | 26'x7'x6' | 2514 | □ ကျား □ မ □ ကျား+မ | - | - | - | - | 4400000 |
| [illegible] | ရေအရင်းအမြစ်မှ ရေသွယ်တန်းခြင်း။ | 6ပ4000 | 105 | □ ကျား □ မ □ ကျား+မ | - | - | - | - | 5500000 |
| [illegible] ([illegible]) | ရေလှောင်ကန်ပြုပြင်ခြင်း | 15'x10'x5.5' Gal 5000 | 1407 | □ ကျား □ မ □ ကျား+မ | - | - | - | - | 6000000 |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)


**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖားဆောင်း | ကျေးရွာအုပ်စု မော်ချီး | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
| ရေပူ | မူကြိုကျောင်းပြုပြင်တိုးချဲ့ခြင်း။ | 24'x20' | 201 | □ ကျား □ မ □ ကျား+ မ | - | - | - \| - | ၅၀၀၀၀၀ |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



ပထမ အကြိမ် အစည်းအဝေး

ကျေးရွာ - မော်ချိုး (အောက်)

ကျေးရွာအုပ်စုအမည် - မော်ချိုး

မြို့နယ် - ဖားဆောင်း

နေရာ - ဘုရားကျောင်း ခန်းမဆောင်

စတင်သည့်အချိန် - 9:00 AM

ပြီးဆုံးသည့်အချိန် - 5:00 PM


ဦးဆောင်ဆွေးနွေးသူ - ဦးစိုင်းစိုးမိုင် (CF)
ဒေါ်ပြည့်ဖြိုးအောင် (TF)

တက်ရောက်သူဦးရေ - ကျား + မ = ကျား+မ
၁၀၀ + ၄၇ = ၁၄၇

ရက်စွဲ - ၁၅.၂.၂၀၁၇

| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| ၁။ | 9:00 AM | ဦးစိုင်းစိုးပိုင် | အမည် · ရာထူး နေရပ် တို့ကို ရင်းနှီးစွာ နှုတ်ဆက်ခြင်း။ |
| ၂။ | 9:15 AM | ဦးဆောချိုးမို | ကျေးရွာအုပ်ချုပ်ရေးမှူး မှ အဖွင့်အမှာစကား ပြောကြားခြင်း။<br>" ကျွန်တော်တို့ကို ကျေးရွာအတွင်းလာရောက် အစည်းအဝေး ကျင်းပပေးသော ဆရာ/မ များ ကို အထူး ကျေးဇူးတင်ပါတယ်။ ကျေးရွာသူ/သားများ ကလည်း မိမိကျေးရွာဖွံ့ဖြိုး ရန် လာရောက် ဆောင်ရွက်သည် ဖြစ်သည့်အတွက် ဒီအစည်းအဝေး ကို အစမှ အဆုံး စိတ်ရှည် သည်းခံ ပြီး နားထောင်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ် " |
| ၃။ | 9:30 | ဦးစိုင်းစိုးပိုင် | စီမံကိန်း အကြောင်းများ မိတ်ဆက်ပြောကြားပေးပါသည်။ |
| ၄။ | 9:50 | ဦးပြည့်ဖြိုးအောင် | စီမံကိန်း စက်ဝန်း အကြောင်းရှင်းလင်းခြင်း။ |
| ၅။ | 10:10 | ဦးစိုင်းစိုးပိုင် | တာဝန်ရှိသူ၏ တာဝန်ဝတ္တရားများ ကို ရှင်းလင်းပြီး စေတနာ့ဝန်ထမ်း ကို ရွေးချယ်သွားပါသည်။ စေတနာ့ဝန်ထမ်းများကို မဲပေးရွေးချယ်ရာတွင် အမျိုးသားဖက်မှ ဦးတာတိး နှင့် ဦးဝင်းလွင်ဦး တို့ အနိုင်ရပြီး |

| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| ၅။ | 10:10 | ဦးစိုင်းစိုးပိုင် | အမျိုးသမီး ဖက်တွင် ဒေါ်ဝါဝါခိုင် နှင့် ဒေါ်ထွေးထွေးဦး တို့က အနိုင်ရရှိခဲ့ သည်။ |
| ၆။ | 10:40 | ဦးပြည့်ဖြိုးအောင် | ယာမှုရေး အရင်း အမြစ်ပြမြေပုံ<br>ဥစ္စာဓနကြွယ်ဝမှုပြဇယား |
| | | ဦးစိုင်းစိုးပိုင် | ရာသီခွင်ပြပြက္ခဒိန်<br>ပိုင်ဆိုင်မှုသုံးသပ်ခြင်း |
| ၇။ | [illegible] | ဦးပြည့်ဖြိုးအောင် | ဗင်းပုံစံ |
| | | ဦးစိုင်းစိုးပိုင် | ပင့်ကူအိမ် သုံးသပ်ခြင်း<br>များကို ဆွေးနွေး ဆောင်ရွက် ပေးကြပါ သည်။ |



## ဒုတိယအကြိမ် အစည်းအဝေး

| | |
|---|---|
| ကျေးရွာ | မော်ချိုး (အောက်) |
| ကျေးရွာအုပ်စုအမည် | မော်ချိုး |
| မြို့နယ် | ဖားဆောင်း |
| နေရာ | ဘုရားကျောင်းခန်းမဆောင် |
| စတင်သည့်အချိန် | 9:00 AM |
| ပြီးဆုံးချိန် | 5:00 PM |
| ဦးဆောင်ဆွေးနွေးသူ | ဦးဆိုင်းစိုးမိုင် (CF)<br>ဦးမြင့်မိုးအောင် (TF) |
| တက်ရောက်သူဦးရေ | အမျိုးသား + အမျိုးသမီး စုစုပေါင်း<br>၁၀၀ + ၉၇ = ၁၉၇ |

ရက်စွဲ - ၁၆.၅.၁၇

| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| ၁။ | | ဦးစိုင်းစိုးနိုင် | အသာမအကြိမ် အစည်းအဝေးမှ "လူထုဗဟိုပြုစီမံကိန်း" ဖော်ဆောင်ခြင်း ရည်ရွယ်ချက်များကို အကျဉ်းချုပ် ပြန်လည်၍ ပြောပြပါသည်။ PRA တွင် ဆွေးနွေး ရေးဆွဲထားသည့် ဇယားများကို ကျေးရွာလူထုများ အားလုံး မြင်တွေ့စေရန် ပြန်လည်တင်ပြပါသည်။ |
| | | ဦးမြင့်မိုးအောင် | အမျိုးသားများ တင်ပြသော အချက်အခါ ပြဿနာ၊ မျှော်မှန်းချက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ပြုလုပ်သည်။ |
| | | ဦးစိုင်းစိုးနိုင် | အမျိုးသမီးများ တင်ပြသော အချက်အခါ ပြဿနာ၊ မျှော်မှန်းချက်၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်မှု အစီအစဉ်ပြုလုပ်သည်။ |
| | | ဦးမြင့်မိုးအောင် | ၎င်းတို့ကို ပြုလုပ်ပေးသည့်အခါ ဦးစားပေး လုပ်ငန်းများ ထွက်လာပြီး အကျုံးဝင် နှင့် အကျုံး မဝင်သော လုပ်ငန်းများကို ရှင်းပြပါသည်။ ထို့နောက် အကာအကွယ်များ လူမှုရေး နှင့် သဘာဝ ပတ်ဝန်းကျင် အကာအကွယ်များကို ရှင်းပြပါသည်။<br>ဆက်လက်၍ ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့များ ရွေးချယ်ပါသည်။ |

| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| | | ဦးဆိုင်းဆိုးဖိုး· | ကျေးရွာစီ/တောက်ဥက္ကဋ္ဌ = ဦးစောနောင်<br>= ဒေါ်ဖြူဖြူအောင်<br><br>ဝယ်ယူရေး = ဦးစောထူးဘော<br>= ဒေါ်နုနုစော<br><br>ဆောင်ရွက်ကြည့်ကြီးကြပ်ရေး = ဦးကြည်အေး<br>= ဒေါ်နော်ဒေါ်လေ<br><br>ဝေဖန်အကြံပြု = ဦးမြရော်<br>= ဒေါ်စောဝိုဝင်း<br>ပည်ပတ်ထိန်းသိမ်းရေး = ဦးဂျွန်စာလ်ဘယ်<br>= ဒေါ်သီတာပြူး<br>ငွေစာရင်းကိုင် = ဦးထွန်းထွန်းဦး<br><br>များကို ရွေးချယ်ကြပါသည်။ ရွေးချယ်ပြီးသည့် နောက်ရှေ့ဆက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး အစီအစဉ်များကို အုပ်စုအဆင့်တွင် ဝေမျှ၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြော ကြားပေးပြီး အစည်းအဝေးများပြီးဆုံး ကြောင်း ကြေငြာအပ်ပါသည်။ |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

မော်ချီး(အောက်)ကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | ကျား-မ | | | |
| | ၂ | ကျေးရွာလမ်းပြုပြင်ခြင်း။ | ကျား-မ | | | |
| | ၃ | ကျေးရွာတံတားပြုပြင်ခြင်း။ | မ | | | |
| | ၄ | ကြိုတင်ပြင်ဆင်မှုဖြင့် မြေတိုက်စားမှု တည်ဆောက်ခြင်း။ | မ | | | |
| | ၅ | ကျေးရွာနှင့်ချိတ်ဆက်ရာ ဂုံးအဆောက်အဦ တည်ဆောက်ခြင်း။ | ကျား | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေး နှင့် ပညာရေး | ၁ | ရေစုကန်ပြုပြင်ခြင်း။ | ကျား-မ | | | |
| | ၂ | ကျန်းမာရေးဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းရန် | မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေး | ၁ | စာကြည့်တိုက်တည်ဆောက်ခြင်း | ကျား-မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | အလုပ်အကိုင်အခွင့်အလမ်းဖန်တီးခြင်း | ကျား-မ | | | |
| | ၂ | [illegible] | ကျား-မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |